စိတ်ကူးသစ်စာပေ

# မောင်ညိုမြိုင်း
(သန့်လျှင်)

# ငှက်ကြီးတောင်တာဂျမ်း

အပါအဝင်

## ဆန်းကြယ်ရင်ဗို

ဂမ္ဘီရဝတ္ထုတိုများ





# ငှက်ကြီးတောင် ဘဂျမ်း

လွတ်လပ်ရေးခေတ်ဦးတုန်းက ဖြစ်သည်။

ကျွန်တော်တို့အရပ် ဟံသာဝတီအရှေ့ခြမ်းသည် လက်နက်ကိုင် သောင်းကျန်းသူများနှင့် ဓားပြ၊ ပြန်ပေးများ ဆူပူသောင်းကျန်းသော ဒေသ ဖြစ်၏။

အရှေ့ကို ခရီးဆက်လျှင် ပဲခူးနှင့် ရင်ချင်းအပ်။

တောင်ကိုသွားလျှင် မုတ္တမပင်လယ်ကွေ့ ရှိရာ ပင်လယ်ရေပြင်။

အနောက်တောင်ကိုလားသော် သီလဝါမီးပြနှင့် တွံတေးတောကြီးတန်း၊ တွံတေးတောကြီးတန်းကား လက်နက်ကိုင် သောင်းကျန်းသူများ ခိုအောင်းပြီး မကြာခဏ စစ်ဆင်ရေး တိုက်ပွဲကြီးများဖြစ်ရာ နေရာဒေသ ဖြစ်၏။

တွံတေးတောကြီးတန်းမှ လွန်လျှင် ပင်လယ်ကို ရေကြောင်းနှင့် ကူး၍ သံလွင်အထိ ဆန်တက်လို့ရရကား အခြေအနေဆိုးဝါးသည့် ဒေသများ ဖြစ်၏။

ထိုစဉ်က ကျွန်တော်တို့ ပင်လယ်ရပ်ဝန်းနှင့် ကုန်းတွင်းဒေသမှာ အလွန်ဆိုးသွမ်း နာမည်ကြီးလှသည့် လူသတ်ဓားပြများ ရှိ၏။

တစ်ဦးက ရှင်ဘုရင်သိန်းမောင်၊ နောက်တစ်ယောက်က ငမည်း၊ နောက်တစ်ယောက်မှာ ငှက်ကြီးတောင် ဘဂျမ်း။

ရှင်ဘုရင်သိန်းမောင်က မိန်းမချောချောတွေ့လျှင် အိုအိုပျိုပျို လက်ရသိမ်းတော်ကောက်ပြီး သူ့ကိုယ်သူ “ရှင်ဘုရင်” ဟု ဘွဲ့ခံ၏။

(၎င်းရှင်ဘုရင်သိန်းမောင်သည် နောင်အခါ သူ့ယောက်ဖများ လုပ်ကြံ၍ ပင်လယ်မှာ လည်ပင်းခဲဆွဲ ရေနှစ်အသတ်ခံရ၏။) ဓား၊ သေနတ်ပြီးသည်ဟု နာမည်ကြီး၏။ တစ်နယ်လုံး ဖိမ့်ဖိမ့်တုန်းရ၏။

မြည်းကလည်း သိန်းမောင်လိုပဲ ဖြစ်၏ ။ ဓားပြတိုက်၏ ။ ပြန်ပေးဆွဲ၏ ။ အနုကြမ်းစီး၏ ။ မိန်းမချောလျှင် လက်နက်ပြခြိမ်းခြောက်၍ လက်ရသိမ်း၏ ။

သိန်းမောင်နှင့် အပြိုင်ဖြစ်၍ သူတို့ချင်း အမြဲစားမာန်ခုတ်ကာ လစ်လျှင်လစ်သလို တွယ်ကြ၏ ။

(နောက်ပိုင်း မြည်းသည် သူ့ဆွေရင်းသားရင်း နှမဝမ်းကွဲကို လက်ရအဓမ္မသိမ်းရာမှ စည်းပေါက်ပြီး သူ့တပည့်များသတ်၍ ကိုယ့်ကျင်းကိုယ်တူးကာ ကိုယ့်မသာ ကိုယ်ချခဲ့ရလေ၏ ။) ပြီး ငှက်ကြီးတောင် ဘဂျမ်း။

ခါးကြားမှာ ခြောက်လုံးပြူးသေနတ်ကို အိတ်နှင့်ပတ်ထား၏ ။ ကျောကုန်းပေါ်မှာ ဓားအိမ်နှင့် ငှက်ကြီးတောင် ဓားရှည်ကို လွယ်ထား၏ ။ အမြဲတမ်း ဖဲဘောင်းဘီရှည်နှင့်။

လူကခန့်ခန့်၊ လူပုံချော။ ဆိုးချင်တော့ ပါးပေါ်မှာ ဓားခုတ်ရာနှင့်။ နှုတ်ခမ်းမွေးစစနှင့် နှုတ်ခမ်းပေါ်မှာ မှဲ့နက်တစ်လုံး ပါသေး၍ ဓားခုတ်ရာ မပါဘဲနှင့် ဓားပြလူဆိုးသား မဟုတ်လျှင် ပြဇာတ်မင်းသားနှင့် အလွန်တူ၏ ။

လူဆိုးဓားပြမှန်း သိလျက်နှင့်ပင် မှဲ့ပါသော နှုတ်ခမ်းရဲ့ ဩဇာကြောင့်လည်းကောင်း၊ ရုပ်ရည်ခန့်၍ လည်းကောင်း၊ အမျိုးသမီးတချို့က သူ့ကို သဘောကျကြ၏ ။

ကျ၍ လည်း ငှက်ကြီးတောင်ဘဂျမ်းနှင့် နှစ်ကိုယ့်တစ်စိတ် ညားကြ၏ ။ သင်းကလည်း မောင်းမမိဿံ မနည်းလှ။

တစ်ခုတော့ ရှိသည်။ ငှက်ကြီးတောင် ဘဂျမ်းက မိန်းမမြင်တိုင်း မဆွဲ၊ မိန်းမက သူ့အပေါ်ကျသည်ဟုမြင်မှ၊ တစ်နည်း မိန်းမက သူ့ကိုကြိုက်မှ။ အဲဒါ ချောလည်းချော၊ ဖြောင့်လည်းဖြောင့်၊ တောင့်လည်းတောင့်၊ ဥစ္စာပေါ ရုပ်ချောမှ ငှက်ကြီးတောင် စုံမက်မြတ်နိုးတော်မူပြီး မယားအဖြစ် ပေါင်းသင်း၏ ။

ရက်စက်ရာမှာတော့ ကမ်းကုန်၏။ သူ့မယားတို့အနက်မှ တစ်ဦးတစ်ယောက်သည် အခြားသူတစ်ဦးနှင့် ပရောပရည်လုပ်နေသည်။ ဒါမှမဟုတ် ဖောက်ပြန်သည်ဟု သိကြရလျှင် အဲဒီ မယားကို ငှက်ကြီးတောင်ဓားနှင့် ခုတ်သတ်ပစ်၏။ ပြီး သူ့နောက်လိုက်များ သစ္စာဖောက်ခဲ့လျှင် ထွက်ပြေးပြီး ဟိုတိုင် ဒီတွန်း လုပ်ခဲ့လျှင် အဲဒီ သစ္စာဖောက်ကို ငှက်ကြီးတောင်ဘဂျမ်း ကိုယ်တိုင် လက်ရဖမ်းခဲ့ပြီး ကျန်တပည့်များရှေ့မှာ ငှက်ကြီးတောင်ဓားနှင့် ရက်ရက်စက်စက် မြင်မကောင်း ရှုမကောင်း ရှင်းပစ်လိုက်၏။

ဒီလို ရက်စက်လွန်း ကြမ်းကြုတ်လွန်း၍ ငှက်ကြီးတောင်ဘဂျမ်းဟု အမည်တွင်လေ၏။ ဘဂျမ်းရဲ ညာလက်မောင်းအရင်းမှာ ကြိုးအနီတစ်ချောင်း စည်းထား၏။

အချို့က သချ့ုင်းလက်ဖွဲ့ဟု ဆိုကြသည်။ အချို့က နတ်စင်ကိုးခုက ရုံပန်းထည်အနီစကို ကျစ်ပြီး ဆရာတစ်ယောက်က စီရင်ပေးထားသည့် အစီအရင်ဟု ဆိုကြသည်။ မည်သူမျှ ထဲထဲဝင်ဝင် မှန်မှန်ကန်ကန် မသိကြ။

အချို့က ဘဂျမ်း ဓားပြီးသည်ဆို၏။ တုတ်ပြီးသည် ဆိုကြ၏။ သေနတ်ပင် မီးမကူးဟု ချဲ့ကား ပြောကြ၏။

သို့သော် တစ်ကြိမ်မှာ ဘဂျမ်း အရက်မူး၍ စောင်ခေါင်းမြီးခြုံပြီး အိပ်ပျော်နေစဉ် ဘဂျမ်းရဲ့တပည့် အောင်ပန်းစိန်က ဘဂျမ်းရဲ့ ငှက်ကြီးတောင်ဓားနှင့် ဘဂျမ်းရဲ့လည်ပင်းကို အသေအကျေ ခုတ်ခဲ့ဖူး၏။

သို့ကလို လုပ်ရခြင်းအကြောင်းရင်းက ငှက်ကြီးတောင်ဘဂျမ်းက တပည့်အရင်းဖြစ်သူ အောင်ပန်းစိန်ရဲ့ ချစ်လှစွာသော တစ်ဦးတည်းသော ညီမလေးကို အဓမ္မ တော်ကောက် သိမ်းမြန်းလိုက်၍ ဖြစ်သည်။

ညီမလေးမှာ ချစ်သူရည်းစား ရှိခဲ့ပါ၏။ သူမရဲ့ရည်းစား အမည်က မောင်ဒန်း။ ပင်လယ်မှာ တံငါစက်လှေလိုက်သည်။ သီတင်းကျွတ်ပြီးလျှင်

သူတို့နှစ်ဦး လက်ထပ်ကြမည်။ ညီမလေးက ချစ်စရာ ချောချောလေး။

ကနဦးက ဘဂျမ်းက သူ့ကို ဖွင့်ပြောခဲ့ဖူး၏။

"အောင်ပန်းစိန်၊ မင်းညီမကို ငါ လက်ထပ်ချင်တယ်"

"မဖြစ်ပါဘူး ဆရာ"

"ငါ့ဘဝမှာ မဖြစ်ဘူးဆိုတာ မရှိတာ မင်းအသိပဲလေ"

"ညီမလေးမှာ ချစ်သူရည်းစား ရှိနေပါတယ် ဆရာ"

"ဘယ်လိုခေါ်သတုန်း"

"မောင်ဒန်းတဲ့၊ သူတို့ ဝါကျွတ်ပြီးရင်..."

"အဲဒီ မောင်ဒန်းက ဘာအလုပ်လုပ်တုန်းကွ"

"ပင်လယ်မှာ တံငါစက်လှေ လိုက်ပါတယ်ဆရာ"

"အေး... အေး... ပြီးရောပေါ့ကွာ"

ဒီလိုပြောပြီး မကြာလိုက်၊ ပင်လယ်ရေပြင်မှာ မောင်ဒန်းရဲ့ ခေါင်းမပါသော ကိုယ်လုံးကို အများက မြင်လိုက်ရသည်။

မကြာခင် ဘဂျမ်းက ညီမလေး ပန်းနွဲ့ကို အဓမ္မ သိမ်းလိုက်၏။ ညီမလေးက ဘဂျမ်းအလစ်မှာ စိန်နှင့် သံပရာ သောက်၍ ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်သည်။

အဲဒီ ကတည်းက အောင်ပန်းစိန် သူ့ဆရာ သစ္စာမဲ့သူ လူယုတ်မာကြီးကို လုပ်ကြံဖို့ အခွင့်အရေး မျှော်လင့်ခဲ့သည်။

ဟော ကြုံပြီ။

ငှက်ကြီးတောင် ဘဂျမ်း အရမ်းမူးပြီး ခေါင်းအုံးကို ရင်ဘတ်ပေါ်

ဖက်ဖိ၍ စောင်ခေါင်းမြီးခြုံလို့ အိပ်မောကျနေသည်။

အောင်ပန်းစိန် ဘဂျမ်းရဲ့ ငှက်ကြီးတောင်ဓားကို ဓားအိမ်မှ အသံမမြည်အောင် ဆွဲထုတ်ရင်း ဓားကို လက်စုံမြှောက်၍ လည်ပင်းတည့်တည့် ချိန်ပြီး အသားကုန်ခုတ်ချလိုက်သည်။

“ဂွီး”

“စွပ်”

“ဟင်”

“ဝုန်း”

“ကိုင်းကွာ”

“ဖောင်း”

ကြောက်ကြောက်လန့်လန့် တွန့်တွန့်ရှိန်ရှိန်နှင့် ခုတ်ချလိုက်လို့ပဲလား မသိ။

ဓားသွားက ဘဂျမ်းရဲ့ လည်ပင်းပေါ်မရောက်ဘဲ ရင်ဘတ်ပေါ်ရှိ ခေါင်းအုံးနေရာကို ခုတ်မိပြီး ဘဂျမ်း လန့်နိုးကာ အောင်ပန်းစိန်ကို ဝုန်းခနဲ ကျားခုန်ခုန်၍ ခြေနှင့် ခတ်လိုက်သည်။ အောင်ပန်းစိန် လဲအကျမှာ ၎င်းငှက်ကြီးတောင်ဓားနှင့်ပင် အပြတ်ရှင်းလိုက်သည်။

မောင်နှမနှစ်ယောက်စလုံးနှင့် ပန်းနွဲ့ရဲ့ချစ်သူ အပါအဝင် သုံးဦးစလုံးပင်လယ်ရေသချူင်းမှာ ငါးစာဘဝနှင့် အရိုးကျခဲ့လေသည်။

ပြောရလျှင် ရွာနီးချုပ်စပ်က ရွာသူရွာသား လက်လုပ်လက်စား တံငါလေှသမားများသည် ငှက်ကြီးတောင် ဘဂျမ်းတို့ကို ကြောက်နေရ၏ ။

ရွာနီးချုပ်စပ်လည်း သူတို့ဓားပြတိုက်၍ ပြောင်နေပြီ။

ဆက်ကြေးလိုလို၊ မိုက်ကြေးလိုလို တောင်းနေပြန်၍ အလုပ်လုပ်စားသူများ၊ ခေါင်းနဲ့ကိုယ် အိုးစားမကွဲရန် ဘဂျမ်းအလိုကို လိုက်နေရသေးသည်။

တစ်ခါတစ်ခါ ရှင်ဘုရင်သိန်းမောင်နှင့် ငမည်းတို့က စည်းရိုးကျော် ဝင်တိုက်၍ အချင်းချင်း စကားများပြီး နယ်ကျော်ပြန်တိုက် လုပ်ကြရင်း ပစ်ကြခတ်ကြ စိန်ခေါ်ကြ ဖြစ်ကြသေး၏ ။

အုပ်ချုပ်ရေး အလွန်လက်လှမ်းဝေးသည့် အရပ်ဒေသဖြစ်၍ ကြီးနိုင်ငယ်ညှဉ်း လက်နက်ဗန်းပြ မင်းမဲ့စရိုက်များက လွှမ်းမိုးနေ၏ ။

နောင်အခါ သူတို့ချင်း ရန်စောင်ပွဲများ၊ တစ်ယောက်ကို တစ်ယောက် လုပ်ကြံပွဲများနှင့် မြေတုန်ရေတုန် ရွာလန့်နယ်လန့် ဖြစ်ခဲ့ရ၏ ။

တစ်နေ့က သုံးပန်လှရွာက ခိုင်းကျွဲ၊ ခိုင်းနွားများ မွေးသည့် ဦးချိန်ရိုးတို့အိမ် ဓားပြတိုက်ခံရသည်။ ရသမျှ ရွှေ၊ ငွေများယူ၍ အားမရဘဲ သမီးပျိုလေး ခင်အေးချိုကို ဓားစာခံ ဖမ်းဆီးခေါ်ဆောင်သွားကြ၏ ။ မိဘများက ဘယ်လိုတောင်းပန်လို့မှ မရ။ ငွေ (၅) သိန်းနှင့် ရွေးရမည်ဟု ဆို၏ ။ သုံးရက်အတွင်း လာမရွေးခဲ့လျှင် ဘဂျမ်းရဲ့မယား ဖြစ်ပြီဟု အမိန့်ချသွား၏ ။

ရဲဂါတ်သို့ မတိုင်ရ။ တိုင်ခဲ့သော် တစ်ဆွေတစ်မျိုးလုံး ခေါင်းမရှိဘဲ သေရမည်ဟု ကြိမ်းဝါးပြီး အိမ်တိုင်သုံးတိုင်ကို ငှက်ကြီးတောင်ဓားနှင့် ခုတ်ထစ်သွားခဲ့၏ ။ လာရွေးရမည့်နေရာလည်း ပြောခဲ့သည်။

ပင်လယ်ရေပြင်ထဲက အနီရောင်ဆေးသုတ်ထားသည့် စက်လှေပေါ် လာခဲ့တဲ့၊ လာရင် တစ်ယောက်တည်း လာ၊ နှစ်ယောက်လာရင် အသေတဲ့ခင်ဗျာ။

သို့နှင့် ဦးချိန်ရိုးတို့ ရှိသမျှ ကျွဲ၊ နွားများကို ရသည့်ဈေးနှင့် ရောင်းချပစ်ရာ ငွေ (၄)သိန်းနီးပါး ရ၏ ။ တစ်သိန်း လိုသေး၏ ။

လိုငွေတစ်သိန်းလည်း ဘယ်မှလှည့်လို့ ချေးလို့ မရ။ ခေါင်းမီးတောက်ပြီး သမီးအပျို မိန်းကလေးအတွက် စိုးရိမ်သောက များနေကြ၏ ။

*

တစ်နေ့သောအခါ သုံးပန်လှရွာအဝင် ညောင်ပိန္နဲပင်ကြီးအောက် ရွာတော်ရှင်နတ်ကွန်းသို့ စိတ်မနှံ့သူလိုလို လူကြီးတစ်ယောက် ရောက်လာခဲ့လေ၏ ။

ရွာတော်ရှင်နတ်ကွန်းကား အရွာရွာ ခရီးသွားများ နားခိုရာ ညောင်ပင်ရိပ်လည်း ဖြစ်၏ ။

အလှူရှင်ပြုရှိရင်လည်း နတ်ပြရာ အရပ်အနေလည်း ဖြစ်၏ ။ နားခိုသူ ခရီးသွားများ စုဝေးနေချိန်မှာ ထိုလူကြီးက ဇော်ကသီချင်းတစ်ပုဒ်ကို အော်ဟစ်သီဆိုပြီး ရွာတော်ရှင် ရက္ခစိုးနတ်ကွန်းရှေ့မှာ အကျအနကို က,နေ၏ ။

လူကြီးမျက်နှာက ဆယ်ပြားစေ့လို လေးထောင့်ကြီး။ ဆံပင်ရှည်များက ပခုံးပေါ်က ကွေးကောက်၍ ကျနေ၏ ။ ဖျင်ကြမ်းတိုက်ပုံ ရင်ကွဲကြီး ဝတ်လို့။ ရင်ဘတ်မှာလည်း အင်းလိုလို စမလိုလို မင်ကြောင်အကွက်များနှင့်။ ယောဂီရောင် လွယ်အိတ်စုတ် ဖောင်းဖောင်းကြီး လွယ်ထားလိုက်သေးရဲ့။

ပုဆိုးအဖြူကွက်ကလည်း ညစ်ပေပြီး အောက်နားများပင် ကွဲလို့။ သူသည် အနီရောင် ဆေးသုတ်ထားသည့် တောင်ဝှေးကို ပခုံးပေါ်မှ ဇော်ထမ်းထမ်းရင်း ဇော်ကသီချင်းကို အားရပါးရ ဟန်ပန်နှင့် ဟစ်လာ၏ ။

“လွမ်းလေလေ စေရ စေရ… ဟိုမြိုင်လယ်မှာ ဒီမြိုင်လယ်မှာ… စံပယ်ကို ထားဝယ်ခ,ပါလို့… ဒေါလေးလေး နက နက… ဒေါနကသင်းတယ်… သင်းတယ်….. သင်းတယ်လေ…”

သူသည် ခါးကိုကျိုး ခေါင်းကိုမော့၍ ဇော်လှည့်လှည့်ပြီး က,လေ၏ ။

“ဇော်ရောင် ဂျီရောင် ဆေးကြိုတ်တဲ့ စုံတောမြိုင်ချောင်… ကိုင်ဆောင်တောင်ပှေး လိုလိုရာသွေးဟေးဟေး… နုဆေးကိုလေ နုဆေးကိုလေ ဆေးကြိုတ်တောင်… ဆေးလေးလေး ကြိုတ်တဲ့တောင်… ဆေးဟေးဟေး ဆေးဟေးဟေး ကြိုတ်တဲ့တောင်…”

သူသည် မည်သူ့ကိုမျှ ဂရုမစိုက်။ ရွာတော်ရှင် ရက္ခစိုးနတ်ကွန်းရှေ့မှာ ဇော်ဂျီဆေးကြိုတ်သလို ဆေးကြိုတ်ဟန်အက,ကို က,နေ၏ ။

က,၍ ဂသော် ဝိုင်းကြည့်နေကြသည့် ကလေး၊ လူကြီး ပရိသတ်များဘက်သို့ လှည့်ပြီး…

“ဟဲ့… သားတို့၊ သမီးတို့ ယက်သဲ့ကြားငါတင်၊ တင်တဲ့ငါး ကြောင်စား၊ ကျန်တဲ့ငါးမှ ဘုရားမ,မတဲ့ကွယ့်၊ ရတနာမြတ်သုံးပါး မြဲမြဲကြ။ အနန္တောအနန္တငါးပါး မမေ့မလျော့ မပေ့ါကြနဲ့။ ဒါန၊ သီလ၊ သမထ၊ ဘာဝနာ နေ့စဉ်ပြုကျင့်လို့လရှိကြ။ ဘုရားသာသနာ စွန်းလို့ သိကြားသာသနာ ရောက်ချိန်နီးပြီကွယ့်။ မကောင်းသူပယ် ကောင်းသူကယ်မတဲ့။ မိစ္ဆာဒိဋ္ဌိ မဖြစ်စေနဲ့။ မိစ္ဆာအာဇီဝနဲ့ အသက်မမွေးကြနဲ့။ ဒုစရိုက်ကို ရှောင်၊ သုစရိုက်ကို ဆောင်မှ အောင်အတိတ်နဲ့ အောင်နိမိတ် ပေါ်လိမ့်မဟေ့။ ဒါကြောင့်လေ…

ရွှေဖျဉ်းညီနောင် ဖောင်တော်စီးပါလို့… ရေလှိုင်းတွေက တဖွေးဖွေး… ရေလှိုင်းတွေက တဖွေးဖွေး… နတ်နန်းရယ်သာ လှတယ်… ရွှေနန်းရယ်သာ လှတယ်… ဆီးကြိုပါ နှမများရယ် ပြေးကြိုပါ နှမများရယ်… ယီးလေးလေး… ယီးလေးလေး… လေးလေး… ယီးလေးယီလေးရို….”

သားတို့ သမီးတို့ အဘဆေးဝိဇ္ဇာကြီး ရောက်လာပြီဟေ့။ ဒီရွာ၊ ဒီနယ်ရောက်ရတာ အဘသိပ်ပျော်သကွာ။ ကိုင်း…. ငါ့သားများ၊ သမီးများ၊ မြေးများ၊ အဖျားအနာရောဂါ ရှိကြသလား၊ အမောင့်ပယာဂရောဂါ ရှိကြသလား၊ အတိတ်၊

ပစ္စုပ္ပန် ဘာသိချင်လဲဟေ့။ ညာလက်ဝါး ဖြန့်လိုက်တာနဲ့ လက်ဝါးပေါ်က အရေးအကြောင်း ကြည့်ပြီး အဘမြင်တာ ပြောကူညီမယ်ကွ။ မင်းတို့ အသက်ကို ပြောတာနဲ့ ဂြိုဟ်စီး၊ ဂြိုဟ်နင်း ဘယ်အခြေအနေ ရောက်လို့ ကံဆိုး၊ ကံကောင်း အဘပြောပြဟောမကွ၊ ယုံတဲ့သူ ပြော၊ ငါ ပြောမဟေ့”

ခရီးသွားအချို့က ပေါက်ကရပြောသည်မှတ်၍ ရယ်ကြ၏။ အချို့က နားစွင့်ထောင်နေကြ၏။ အချို့က တီးတိုးတီးတိုး လုပ်ကြ၏။ အချို့က လက်ဝါးချင်းပွတ်၍ ပြရကောင်းနိုး၊ မကောင်းနိုး ဖြစ်နေ၏။

ဒီမှာ အသက် (၆၀) ခန့် ကတုန်ကယင်နှင့် အဘွားအိုတစ်ဦးက

“မောင်ကြီးရှင့်၊ ဟူး.. မောလိုက်တာတော်”

“နှမကြီး ဘာပြောချင်လို့တုန်းဗျ၊ ပြောပါဦး”

“မောလို့ပါတော်၊ ဟူး… အမယ်လေးနော်၊ ဒုက္ခ ဒုက္ခ”

“မောလို့…”

“အင်းပါတော်”

“ခုချက်ချင်း ပျောက်ချင်သလား နှမကြီး”

“သိကြားမင်းနဲ့တွေ့တယ်လို့ ယုံပြီး ဆေးသောက်ချင်ပ့ါ မောင်ကြီးရယ်၊ ဟူး… ကျွန်မမှာ ဆင်းရဲလွန်းလို့…”

“ဟေ့… လူကလေး”

“ဗျာ.. အဘ”

ရေအိုးစင်နံဘေးမှ ရပ်နေသည့် ကျွန်တော့်ကို လက်ညှိုးထိုး၍ ခေါ်လိုက်သည်။

“သောက်ရေတစ်ခွက် ခပ်ခဲ့စမ်း လူကလေး”

"ဟုတ်ကဲ့ အဘ"

ကျွန်တော် ရေအိုးစင်မှ သောက်ရေတစ်ခွက် ခပ်၍ ပေးလိုက်သောအခါ သူက လွယ်အိတ်ထဲမှ ဆေးတောင့်တစ်ခုကို ထုတ်ယူပြီး အနည်းငယ်ကိုက်၍ ဖွဲ့လိုက်၏။ ၎င်းနောက် ရေကို မန်း၍ ...

"ဘာနေ့သမီးတုန်း နှမကြီး"

"သောကြာသမီးတော်၊ မသည်းအုံတဲ့တော့... ဟူး..."

ဘတိုက်ပုံကြီးသည် ရေကို ဖောဖျှင်သုတ်ရွတ်၍ မန်းမှုတ်၏။ ပြီးနောက်

"သောကြာသမီး မယ်သည်းအုံ၌ ဖြစ်နေသော အမောရောဂါ ချက်ချင်းပျောက်ပါစေသတည်း"

ဟု အဓိဋ္ဌာန်ပြုကာ ဆေးနှင့် ရေစင်ကို တိုက်လေ၏။

"ရော့... သောက်၊ နှမကြီး"

အမယ်အို ဘွားသည်းအုံက တရိုတသေယူ၍ သောက်၏။

"ဟိုနား ခဏထိုင်နေ၊ ခဏနေရင် အမောရောဂါ ပျောက်ပြီဗျား၊ ကျန်တဲ့ဝေဒနာရှင်ရှိရင် ထွက်ခဲ့ကြကွယ့်၊ ဆေးဒါန၊ ပညာဒါနများ အဘ ရောက်တုန်း ကုသိုလ်ပြုခဲ့မကွယ့်၊ ငါပျောက်စေဆရာ မဟုတ်ဘူးနော်၊ ဘိုးတော်မဟုတ်ဘူးနော်၊ ဝိဇ္ဇာမဟုတ်ဘူးနော်၊ ငါက သစ္စာမေတ္တာသမား၊ ကြုံတုန်း ဒါနပြုချင်၊ ကုသိုလ်လိုချင်လို့ဟေ့"

"အဘ"

"ဘာတုန်းသဗျာ"

လူတစ်ဦးက ရောင်ကိုင်းနေသည့် လက်ကို ဆန့်၍ ပြ၏။

"ဘာဖြစ်လို့တုန်း သားကြီးရဲ့"

“တံစဉ်ရှလို့ အဘ”

“အို… ဖြစ်ရလေ၊ မန်းဝင်နေပါလား သားကြီးရယ် ဟင်”

“ဆေးမြီးတိုနဲ့ လုပ်တာပဲ၊ မသက်သာဘူး အဘရယ်”

“အိမ်း… အဘနဲ့တွေ့ရင် ပျောက်ကိုပျောက်ရစေမဟဲ့၊ ဒါပေမယ့် ပြောမယ်နော်၊ ငါ ပျောက်စေဆရာ လုံးဝမဟုတ်ဘူး၊ အနှစ်နှစ်အလလ ဆရာသခင်များထံမှ လေ့လာဆည်းပူးခဲ့တဲ့ တိုင်းရင်းဆေးနည်းပညာ၊ ဝိဇ္ဇာဓရဆေးပညာ၊ ဗေဒင်နက္ခတ် ရာသီဆေးပညာနဲ့ ကုသိုလ်ပြုတာဟေ့၊ လာခဲ့… ဒီကို”

ဘတိုက်ပုံကြီးသည် လူကြီးရဲ့ဘယ်လက်ကို ကိုင်၍ မန်းမှုတ်၏။ ၎င်းနောက် ပုလင်းတစ်ခုထဲမှ ဆေးမှုန့်တစ်ချို့ကို စောစောကရေစင်နှင့် ဖျော်၍ လူကြီးရဲ့ လက်မောင်းရင်းမှသည် အနာကို လူးအုံပေး၏။

“တော်တော်ကိုက်နေတာ မဟုတ်လား”

“ဟုတ်ကဲ့ အဘ”

“အညှော်ဝင်နေတာကွ”

“ဟုတ်ကဲ့ အဘ”

“ရော့… ဒါ မန်းကြေဆေး၊ ဒါက ကိုက်ခဲ့နာကျင် ပျောက်ဆေး၊ ရေစင်နဲ့ သောက်ချလိုက်… ရော့”

လူနာက အဘတိုက်သည့်ဆေးကို သောက်ပြီးနောက် ညောင်မြစ်ပေါ်မှာ သွားထိုင်နေလိုက်၏။

ဒီလိုနှင့် ရင်ကျပ်ရောဂါ၊ ပန်းနာရောဂါ၊ ခေါင်းကိုက်၊ ဇက်ထိုးရောဂါ၊ ဗိုက်အောင့်လေနာရောဂါ၊ ထုံနာကျင်နာရောဂါသည်များကို လွယ်အိတ်ကြီးထဲမှ ပုလင်းများ ထုတ်ဖွင့်၍ တစ်မျိုးစီ တိုက်၏။ ပေး၏။ လိမ်း၏။

မန်းမှုတ်မေတ္တာပို့ပေး၏။

“ကိုင်း... ဟောဒီက အဘိုးရက္ခစိုးကြီးလည်း ကျွန်ုပ် ထိန်းသော သစ္စာနဲ့ ကုသိုလ်ဝေစုယူလို့ သားများ၊ သမီးများကို စောင့်ရှောက်ကူညီပါဗျာ။ အမျှ အမျှ အမျှ”

အဘအတိုက်ပုံနှင့်လူကြီးသည် တစ်နာရီခန့် ပါးစပ်က ပရိတ်ကြီးသုတ်တော်များကို ရွတ်လုကါ၊ ဆေးပေး၊ သောက်လိမ်းလုပ်လိုက်နှင့် ကုသပေးလေရာ...

“ဟဲ့.. ဟိုသမီး သည်းအုံ”

“ရှင်.. မောင်ကြီး”

“မောသေးလားဟဲ့ နှမ”

“မမောတော့ပါဘူး မောင်ကြီးရယ်၊ မောင်ကြီးရဲ့ဆေး စွမ်းလိုက်တာ၊ မောင်ကြီး လူမှဟုတ်ရဲ့လားတော် ဟင်”

“ဟား... ဟား... ဟား... လူအစစ်ပါဟ၊ ဘာလဲ ညည်းတို့က သိကြားမင်း လူ့ပြည်ဆင်း ဆေးကုတယ်များ ထင်နေလို့လား”

“ထင်ချင်ပ့ါ မောင်ကြီးရယ်၊ မောင်ကြီးကျေးဇူး ကြီးပါပေ့တော်။ ကျုပ်မောင်ကြီး ကျန်းမာချမ်းသာပါစေ၊ သွားလေရာ လာလေရာ ခလုတ်မထိ ဆူးမငြိပါစေနဲ့တော်”

“သာဓုဗျာ... သာဓု... သာဓု။ ရော့... နှမကြီး၊ ဒါ နှလုံးငြိမ်အမောလုံဆေး၊ နှမ်းခေါင်းလောက်ကို တစ်နေ့တစ်ကြိမ် ရေသန့်သန့်နဲ့ သောက်၊ ညည်း မကြာခင် ပုပ္ပါးတောင်ပေါ် အပြေးတက်နိုင်လိမ့်မယ် ဟဲ့”

“သွားကို သွားမှာပါတော်၊ စိတ်ချ”

“ဟော့... တံစဉ်ရှတဲ့ သားကြီး”

“ခင်ဗျာ အဘ”

“အနာကိုက်သေးလားဟေ့”

“မကိုက်တော့ပါဘူး အဘ၊ အံ့ရောဗျာ”

“ဟေ့… သားကြီး၊ ငါ ဘိုးတော်မဟုတ်ဘူးနော်”

“အဲ… အဲ”

“မအဲနဲ့၊ ငါ ပျောက်စေဆရာလည်း မဟုတ်ဘူးနော်”

“ဒါ… ဒါဆို…”

“အဲဒါ ငါတို့နန်းသုံး တိုင်းရင်းဆေးနည်းပညာသမားကွ၊ အချို့လူညံ့တွေက ငါ့ကို ဘိုးတော်၊ ပျောက်ဆရာ၊ ဝိဇ္ဇာဓိုရ်ဆိုပြီး ပေါက်ကရပြောချင်ကြတယ်။ ငါ ဓာတ်လုံးရော၊ ဓာတ်ပြားရော၊ လက်ဖွဲ့ရော၊ အင်းရော ဘာအဆောင်မှ မပေးဘူး၊ လုံးဝ မတောင်းကြနဲ့။ ငါ ယုံကြည်တာ ရတနာမြတ်သုံးပါး။ အနန္တော အနန္တငါးပါး၊ ငါတို့ မြန်မာလောကီဆေး၊ နက္ခတ်၊ ဗိန္ဓောဆေးပညာဟာ လိုက်လို့မကုန်၊ ယူ၍ မခမ်းကွယ့်၊ ရော့… ငါသား၊ ဒီဆေးက ငန်းဖျက်ဆေး၊ ဒါက အနာကျက်ဆေး၊ နေ့တိုင်း လူး၊ သောက်။ အချဉ်မစားနဲ့။ တက်စာမစားနဲ့။ နေဝင်ရင် ရေမချိုးနဲ့။ အနာကို ဖန်ရည် ဆားရည်နဲ့ သန့်စင်ပေး။ ရက်ပိုင်းအတွင်း ပျောက်စေရမယ်ဟေ့”

ဒီလိုနှင့် ရှုဆေး ရှုလိုက်သည်။ ခေါင်းကိုက် ဇက်ကြောထိုးများရောဂါသက်သာပြီး လေနာရောဂါသမားများလည်း ဒိဋ္ဌချက်ချင်း ရောဂါများယူပစ်သလို သက်သာပျောက်ကင်းကြ၍ ထူးဆန်းသော သီချင်းသည် ဘတိုက်ပုံဆရာကြီးကို ဂမ်းမြောက်ဂမ်းသာ ထိုင်ကန်တော့ကြ၏ ။

ပါလာသည့် မုန့်ပဲသရေစာများကို လှူဒါန်းကြ၏ ။ ဘတိုက်ပုံကြီးက အကန်တော့ခံရရှိသော မုန့်ပဲသရေစာများအနက် အချို့ကို ရက္ခစိုးနတ်ကွန်းမှာ

ကပ်လှူဒါနပြု၍။ အချို့ကို ရွာထဲက ကလေးသူငယ်များအား ဝေငှပေး၍။

ကျန်မုန့်ပဲသရေစာများကျတော့ သူ့နံဘေးမှ ငုတ်တုတ်ထိုင်ကြည့်နေကြသည့် ခွေးဆယ့်လေးငါးကောင်ကို ကိုယ်တိုင် လက်နှင့်ကိုင်၍ ကျွေးနေရကား မြင်ကြ၊ ကြုံကြရသည့် ရွာသူရွာသားများက သာဓုခေါ်၍ မဆုံးကြ။

*

"အဘ"

"ဟေ"

ဘတိုက်ပုံ ဆေးဆရာကြီးသည် လွယ်အိတ်ကြီးကို လွယ်ပြီး တောင်ပေါ့ထောက်၍ အခြားရွာများသို့ ခရီးစဉ်လှည့်ရန် ပြင်လိုက်စဉ် အသက် (၅၀)ခန့် ဆံပင်အုံကောင်းကောင်း၊ ရုပ်ရည်သန့်သန့်ပြန့်ပြန့် အမျိုးသမီးတစ်ဦး သူ့ရှေ့မှာရပ်နေသည်ကို မြင်လိုက်ရသည်။

အမျိုးသမီးကြီး၏ မျက်နှာမှာ သောကနှင့် စိုးရိမ်ကြီးမှုများ လွှန်ကဲနေသည်ကို ဘတိုက်ပုံ မြင်လိုက်ရသည်။

"ဘာအလိုရှိလို့လဲ နှမကြီး"

"မောင်ကြီး… အခု ဘယ်သွားမှာလဲ ရှင်"

"မောင်ကြီး ရွာစဉ်လှည့် ဆေးကုဒါနပြုရဦးမှာပေါ့ နှမကြီးရဲ့"

"မောင်ကြီးရယ်၊ ဖြစ်နိုင်ရင် နှမတို့အိမ် ခဏလောက် ကြွပါဦးအား"

"ကိစ္စအရေးကြီးလို့လား"

“ဟုတ်ကဲ့”

“နှမကြီးနာမည် ဘယ်လိုခေါ်သတုန်း”

“မအေးပိုလို့ ခေါ်ပါတယ် မောင်ကြီး”

“လာ… သွားစို့၊ နှမကြီးအိမ်ကို ပြစမ်း”

ဒီလိုနှင့် ရွာဖျားရှိ နှစ်ထပ်အိမ်ကြီးသို့ ဘတိုက်ပုံ ဆေးဆရာကြီး ရောက်လာခဲ့သည်။ အိမ်ပေါ်မှာ အမျိုးသားကြီးတစ်ဦး၊ အရွယ်ရောက်စ ကလေးနှင့် မအေးပိုအပါအဝင် အဘွားအိုကြီးတစ်ဦးကိုပါ မြင်လိုက်ရ၏။

“ကိုင်း… နှမကြီး၊ ဘာများ ကျုပ်ဆောင်ရွက်ပေးရမလဲဗျာ”

“မောင်ကြီး ဒါ နှမရဲ့ ခင်ပွန်းပါရှင်၊ အမည်က ဦးချိန်ရိုးတဲ့”

ဦးချိန်ရိုးဆိုသူသည်လည်း မျက်နှာညှိုးနွမ်းလျက် ရှိချေ၏။

“ပြောပါ နှမ”

“မောင်ကြီးက ဗေဒင်နက္ခတ်လည်း ဟောပြောနိုင်တယ်လို့ ကြားသိရလို့ ကျွန်မတို့ကို စစ်ဆေးကြည့်ရှုပေးပါလား မောင်ကြီး”

“ကောင်းပါပြီဗျာ၊ ကိုချိန်ရိုး အသက်ဘယ်လောက် ရှိပြီလဲကွယ့်”

“(…) ပါ အဘ၊ စနေသားပါ”

“အင်း… ဇနက သဘော်ပျက်ကိန်း ရောက်နေတာပဲ။ စနေသာ တစ်ခုကြွင်းကိုး”

“ခင်ဗျာ”

“တနင်္လာနံ ကျွဲ၊ စနေနံ နွား၊ ဗုဒ္ဓဟူးနံ ရွှေ ဒါမှမဟုတ် သားသမီး နာဖျားထွက်ကိန်း ရှိသကွယ့်။ စနေသား အပူသောကနဲ့ မျက်ရည်စီးကိန်း ကြုံနေရတာ ကိုး”

ဒီလိုလည်း ပြောလိုက်ရော ဦးချိန်ရိုးနှင့် ဒေါ်အေးပိုတို့သည် ဘတိုက်ပုံ၏ ခြေအစုံကို ဦးခိုက်၍ ငိုရှိုက်ပြီး ကန်တော့ကြလေသည်။

ဒီနောက် လွန်ခဲ့သည့် နှစ်ရက်က ဓားပြတိုက်ခံရပုံ၊ သမီးအကြီး မခင်အေးချိုကို ဓားပြခေါင်းဆောင် ငှက်ကြီးတောင်ဘဂျမ်းနှင့်အဖွဲ့က ဓားစာခံ ခေါ်သွားပုံနှင့် လူရွေးရန် ကျွဲ၊ နွား၊ ရွှေ ငွေများ အရေးပေါ် ရောင်းချ၊ ငွေစုနေရသည့် အကြောင်းကို ရှင်းပြပြီး ချုံးပွဲချ ငိုကြလေသည်။

"အခြေအနေ ဘယ်လိုရှိပါသလဲ အဘရယ်၊ ဟီးဟီး အင့် ဟီး"

"ပါသွားတဲ့သမီး ဘာနေ့သမီးလဲ၊ အသက် ဘယ်လောက်ရှိပြီလဲကွယ့်"

"တနင်္ဂနွေသမီးပါ အဘ၊ အသက် (...) ပါရှင်"

"အင်း... တနင်္ဂနွေသမီး၊ (၅) ကြွင်း။ သက်ရောက် စနေ။ ဒါကြောင့် "သက်ရောက်ကနော်၊ ကောက်ကာမျှော် လင်္ဂပေါ်ကျမည်ပ၊ လင်္ဂနောက်တစ်ခွင် ဆုတ်ပြန်လျှင် လွန်းပင်တွေ့မည်ပ။ လွန်းတိုင်ကမူ စ၍ ထူ ဟောမူဂြိုဟ်အတ္တာ" ဆိုတာကြောင့် သက်ရောက်စနေဂြိုဟ်ကျပြီး ပူပင်စေသော်လည်း တနင်္ဂနွေသမီး တိုင်ထိပ်မှာ ရောက်နေတာကြောင့် ကံကောင်းသကွယ့်၊ ကူညီစောင့်ရှောက်မယ့်သူနဲ့ ကြုံရမကွယ့်။ သူ ဘုရား၊ တရားမြဲရဲ့လား"

"အမြဲတမ်း ဘုရားကျောင်းကန်သွား ဥပုသ်သီတင်း စောင့်ပါတယ် အဘ"

"အေး... သောကြာနဲ့ သာသနာရေး အားကောင်းတယ်။ ဟုတ်ခဲ့ သမီး"

"ရှင် အဘ"

"တနင်္ဂနွေသမီးအတွက် ဘုရားမှာ ဒီနေ့ တံခွန်လှူလိုက်စမ်း"

"ဟုတ်ကဲ့ အဘ"

"စနေသား မောင်ချိန်ရိုး"

"ခင်ဗျာ အဘ"

"သစ်ဥ၊ သစ်သီး ဘုရားမှာ ဒီနေ့ လှူ"

"ဘာဥမျိုးပါလဲ အဘ"

"အင်း... သစ်အယ်သား၊ ဒါက ရှားတယ်။ အာတာလွတ်ဥ ပြုတ်ပြီး ဘုရားဆွမ်းကပ်၊ ဘုန်းကြီးရဟန်း လှူ ကြားလား၊ ကျွတ်ရောလွတ်ရောကွ"

"ဟုတ်ကဲ့ အဘ"

"ကိုင်း အဘသွားမယ်"

"ခဏလေး အဘခင်ဗျား၊ ဒီအလှူငွေလေး လက်ခံပါခင်ဗျာ"

"မလိုပါဘူး သားရယ်၊ ငါ့သားသမီးများက အပူသောကနဲ့ပါ။ ဒါနဲ့ ဓားပြကိစ္စ ဘာကြောင့် မြို့ဂါတ်ကို သွားမတိုင်ရတာ လဲကွယ့်"

"မြို့ဂါတ်ကို သွားတိုင်ရင် တစ်အိမ်သားလုံး သတ်ပစ်မယ်လို့ ပြောသွားလို့ပါ အဘရယ်၊ ဟီး... ဟီး... ဟီး..."

"အဲဒီ ဓားပြနာမည် ဘယ်သူ..."

"ငှက်ကြီးတောင် ဘဂျမ်းလို့ ခေါ်ပါတယ် အဘရယ်"

"မင်းတို့သမီးကို ရွေးဖို့ ဘယ်အရပ် ချိန်းထားလဲ"

"ပင်လယ်ကွေ့ရေလယ်က အနီရောင်စက်လှေပေါ်ကိုတဲ့"

"အိမ်း... အိမ်း အဘသွားမယ်"

"အဘ"

"ဟေ"

"အဘရဲ့နာမည်လေး တစ်ဆိတ်"

“နောင်မှ ပြောမယ်ကွယ်၊ သွားပဟေ့”

*

ဘတိုက်ပုံကြီးသည် တစ်ရွာဝင် တစ်ရွာထွက် ဇော်သီချင်းဆိုလိုက်၊ ရွှေဖျဥ်းညီနောင်သီချင်း ဆိုလိုက်နှင့် ဆေးကုရင်း၊ ဗေဒင်ဟောရင်း လာခဲ့လိုက်ရာ မကြာခင် ပင်လယ်ကမ်းခြေ တံငါရွာလေးသို့ ရောက်ခဲ့လေ၏ ။

ဤနေရာကား လူကြမ်းလူရမ်းများ ပေါများရာ အရပ်ဖြစ်နေ၏ ။

ပင်လယ်ကမ်းခြေမှာ အလံတလူလူနှင့် တံငါလှေများ အစီအရီ ရှိနေ၏ ။ ဘုံဆိုင်သုံးခုမှာ တံငါသည်များ သောက်စားမူးရူးပြီး ရန်ဖြစ်ဆဲရေးနေကြ၏ ။

ကျွဲ၊ နွားအချို့က လမ်းနံဘေး ပွေ့နေကြ၏ ။

ညောင်ပင်တစ်ပင်အောက်မှာလည်း လူစုလူဝေး လောင်းကြေးစားကြေးနှင့် ကြက်တိုက်နေကြ၏ ။

ဘတိုက်ပုံကြီးသည် ဓားကိုင်၍ ရပ်နေသည့် ကိုးမြို့ရှင် နတ်ကွန်းရှေ့မှာရပ်လို့ သီချင်းတစ်ပုဒ်ကို ဟစ်လိုက်လေသည်။

သူသည် တောင်ပုေးကြီးကို ဇော်ထမ်းထမ်းရင်း ကစားနေသည့် ကလေးများအနီးမှာ က,နေလိုက်၏ ။

“ဇော်ပွဲကိုတဲ့ ရှုမလား… ဂျီပွဲကိုတဲ့ ရှုမလား၊ ကိုင်း… ဗျာဆံဂေဖားနဲ့ သားများမေလား… (ဝါး) သားများ သားများမေ သားများသမီးများ အမေ… တကယ်လေ ဝိုင်းတော်သားရဲ့ ရဲပွဲမလား ကျား”

သူသည် ဇော်ထမ်းအကနှင့် ကွေးနေအောင် က,၏ ။ အဘိုးကြီး

က,သည်ကို မြင်သော် ဦးစွာ ကလေးများ ဝိုင်းအုံလာ၏။ မကြာမီ ကလေးအမေများ ရောက်လာသည်။ ဒီနောက် အမူးသမားများ ရွာသားများ၊ လှေသမားများ ဝိုင်းအုံကြည့်ရှု အော်ဟစ်အားပေးကြသည်။

"စိန်အောင်မင်းလား ဟေ့"

"မဟုတ်ဘူးကွ၊ ဂရိတ်ဦးဘိုးစိန်နဲ့ တူတယ်"

"ဇော်ဂျီဟ"

"ဇော်ဂျီကလည်း တိုက်ပုံရင်ကွဲ၊ ပုဆိုးအပြဲနဲ့ကွာ… ဟား… ဟား.."

"ဇော်ဂျီဖွတ်ကျားလားမှ မသိကွာ"

"ဗျို့… ဇော်ဂျီရင်ကွဲကြီး၊ နောက်တစ်ပုဒ် လုပ်ပါဦးဗျ"

"ကြိုက်လို့လားကွယ့်"

"အရမ်းကြိုက်ပေ့ါဗျာ။ နေ့တိုင်းလာက,ပါဗျ၊ အဟဲဟဲ"

"ကြိုက်ရင် ဟစ်ရတာ ပေ့ါကွာ၊ ဘာတဲ့တုန်းရွာသားရေ။

ဇော်လာပါတယ် မောင်တို့… မောင်တို့… ဂျီလာပါတယ် ဖေတို့မောင်တို့… တောင်ပေါ့းထောက်လို့ တောင်မြှောက်မျှော်…. ဇော်ဂျီလာရင် ကျုပ်တို့ပါပဲ… ဆေးတောင်ပေ့ါးတဲ့ နုဆေးလေ… မြစိမ်းတောင်ခြေ ထိုးတဲ့အင်္ကျီ… ရွှေမရှားလို့ ပြဒါးသေ… ပေးလား မောင်ရို့ရော့ဟေ့"

သီချင်းဆုံးသော် ဘတိုက်ပုံကြီးသည် လွယ်အိတ်ထဲက သကြားလုံးများကို ပရိသတ်ရှိရာသို့ ကြဲလေ၏။ ပင်လယ်ရွာသားကလေးများကား သကြားလုံးကို မမြင်ရ။ မစားရတာ ကြာပြီဖြစ်၍ ဝမ်းသာအားရ လုကြ၊ ကောက်ကြ၊ စားကြ၏။

"ဟေ့… သားတို့၊ သမီးတို့ အဘဖေဇော်ဂျီ လူရှင်တော် ဆေးဆရာကြီး

သမီးတို့ သားတို့ရှိရာကို ရောက်လာပြီဟေ့။ အဖျားအနာ၊ အကိုက်အခဲ၊ စုန်းပူး၊ နတ်ပူး၊ မြွေကိုက်၊ ကင်းကိုက် ရောဂါမှန်သမျှ အဘဆေးဝါး အစီအရင်များနဲ့ ဒါနကုသိုလ်ပြု ကုပေးမဟေ့။ ရောဂါရှိသူ မှန်သမျှ လာကြဟဲ့.. လာကြ”

သူသည် ၎င်းစကားကို သုံးကြိမ်သုံးခါ ပြောပြီး သကြားလုံးများကို ထပ်ကာတလဲလဲ ကြဲလေ၏။

အချို့က ဆေးဆရာဆို၍ မယုံချင်ကြ၊ စိတ်မနှံ့သူဟု ထင်ကြ၏။

မကြာခင် ဇက်စောင်းနေသော အဘွားကြီး ဝင်လာ၏။ ဘတိုက်ပုံသည် ဇက်စောင်းနေသည့် အဘွားကြီးရဲ့ လက်ပြင်ကြောကိုနှိပ်၍ ဇက်ကြောကို (၅) မိနစ်ခန့် ပြုပြင်ပေးလိုက်ရာ အံ့ဖွယ်တည်း။ အဘွားကြီး ဇက်ပြန်တည့်၍ ဘတိုက်ပုံကြီးကို ဦးကုန်းချလေ၏။ ဒီနောက် တစ်ယောက်ပြီးတစ်ယောက် ကျောနာ၊ ရင်နာ၊ ခြေနာ၊ ပန်းနာ၊ ပြည်တည်နာများ ပြကြ၏။

ဘတိုက်ပုံကြီးက လွယ်အိတ်ထဲမှ တိုင်းရင်းဆေးများ ထုတ်၍ လိမ်းပေး၏။ တိုက်၏။ နှိပ်ပေး၏။

ဒီမှာ ပင်လယ်ငါးခူစူး၍ တံငါတစ်ယောက် အထမ်းနှင့် ဝင်လာ၏။

“ဘာဖြစ်လို့ဟေ့”

“ပင်လယ်ငါးခူစူးပြီး ရေတက်၊ ရေကျ အော်နေလို့ပါ ခင်ဗျ”

“အဲဒါ အဆိပ်တက်တာကွ။ ဘယ်နှစ်ရက် ရှိပြီလဲ သားတို့”

“သုံးရက်ရှိပြီ အဘ”

“လာခဲ့စမ်းကွယ့်”

ဒီနောက် ဘတိုက်ပုံက ကွမ်းရွက်ကို မန်း၍ ကျွေး၏။ အနာကို ရေဆေး၍ အဆိပ်ကျလိမ်းဆေးကို လိမ်း၏။ မန်ကျည်းစေ့ကို ဝါး၍ အုံပြီး ကွမ်းရွက်နှင့် ကပ်ပေးလိုက်၏။

ပြီးနောက် ဆေးတစ်ခွက်တိုက်လိုက်ပြီး လှဲနေခိုင်းလိုက်သည်။ (၁၅) မိနစ်ခန့် ရှိသောအခါ လူနာက စကားပြော၏ ။

"အဘ"

"ဘယ့်နှယ်တုန်းကွ၊ နာသေးလား၊ ကိုက်သေးလားဟေ့"

"မကိုက်တော့ဘူး အဘ"

"ဟား... ဟား... ဟား၊ ငါနဲ့တွေ့ရင် သိကြားမင်းနဲ့ တွေ့သလိုပေါ့ကွာ၊ ဟေ့... သားတို့၊ သမီးတို့ ငါပျောက်စေဆရာ မဟုတ်ဘူးနော်၊ ဒေါက်တာရမ်းကု မဟုတ်ဘူးနော်၊ ဒါ တို့မြန်မာတိုင်းရင်းဆေး စစ်စစ်ရဲ့ အစွမ်းကွ၊ အစွမ်း"

"သားတို့ ဦးတိုက်ပါတယ် အဘခင်ဗျား"

"သမီးတို့ ဦးတိုက်ပါတယ် အဘရှင့်"

"သာဓု... သာဓု... သာဓု၊ ငါ့သားသမီးများ (၉၆)ပါး အနာကင်းကြပါစေ၊ ကိုယ့်ဒေသ ဒီတံငါအလုပ်နဲ့ အသက်မွေးကြရသော်လည်း ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး မမေ့ကြနဲ့။ ဘုရားဖက်ရင် အသက်ရှည်၊ တရားဖက်ရင် အမျက်ပြေ၊ သံဃာကိုးကွယ်ရင် ကုသိုလ်အခက်အလက် ဝေသကွယ့်။ လိမ္မာကြာ သားတို့၊ သမီးတို့"

ဒီလိုအချိန်မှာပဲ ဘတိုက်ပုံရှိရာ ညောင်ပင်အောက်သို့ လူနှစ်ဦး ဝင်လာကြ၏ ။ ၎င်းတို့နှစ်ဦးကို မြင်သောအခါ ဆေးကုသခံနေကြသူ ရွာသူ ရွာသားများ၊ အလျှိုအလျှို ထ၍ ပြေးကြလေ၏ ။

သို့နှင့် အဘက မေးရ၏ ။

"အဘ အဲဒါ လူဆိုးတွေဗျ၊ သတိထား"

"ဘယ်က လူဆိုးတုန်းဟဲ့"

“အဲဒါ ငှက်ကြီးတောင် ဘဂျမ်းရဲ့ တပည့်တွေဗျ”

“ဟေ…”

ရှာသားအချို့သည် တိုးတိုးသတိပေးစကား ပြောပြီး လစ်ပြေးကုန်ကြလေ၏။ မကြာခင် ယောက်ျားကြီးတစ်ဦး မုတ်ဆိတ်ကျင်စွယ် အပြိုင်းအရိုင်းနှင့် အနီးသို့ ရောက်လာကြ၏။

လွယ်အိတ်ကိုယ်စီလည်း လွယ်ထားကြ၏။ မျက်နှာကြောကလည်း တင်းလွန်းလှ၏။ သူတို့နှစ်ဦးက ဘတိုက်ပုံကြီးကို ခါးထောက်၍ ကြည့်နေကြပြီး…

“အဘိုးကြီး”

“ခင်ဗျာ”

“ခင်ဗျားက ဆေးဆရာကြီးဆို”

“ဟုတ်ကဲ့၊ နည်းနည်းပါးပါးတတ်လို့ ကုသပါတယ် ခင်ဗျား”

“အခုလိုက်ခဲ့”

“ဗျာ… ဘယ်ကိုလိုက်ရမှာလဲ ခင်ဗျာ၊ ကျုပ် ဘာ… ဘာများ အမှားလုပ်မိလို့ပါလဲ ဟင်”

“လျှာမရှည်နဲ့ ပွဲချင်းပြီး သေသွားမယ်၊ ခုချက်ချင်း ထ”

တစ်ယောက်က လွယ်အိတ်ထဲ လက်နှိုက်၍ ပြောလိုက်သဖြင့် အခြေအနေ မကောင်းမှန်းသိပြီး ဘတိုက်ပုံလွယ်အိတ်ကြီး ကောက်လွယ်၍ တောင်ဝှေးကြီးထောက်ကာ သူတို့အလယ်မှ လိုက်ပါခဲ့ရလေသည်။

အတန်ကြာသော် လှိုင်းပုတ်နေသည့် ပင်လယ်ကမ်းခြေသို့ ရောက်လာခဲ့၏။ တစ်ယောက်က လှေသမားတစ်ဦးကို အချက်ပြလိုက်သဖြင့် လှေသမားက လှေကို အသင့်ပြင်လိုက်၏။

ဘတိုက်ပုံကို သူတို့လှေပေါ်သို့ တင်လိုက်ပြီး ပင်လယ်ရှိရာသို့ လှော်ခဲ့ကြ၏။ လှေသည် လှိုင်းလုံးများအကြား လူးကာလိမ့်ကာနှင့် မကြာခင် ကျောက်ချရပ်ထားသည့် အနီရောင်ဆေးသုတ်ထားသော စက်လှေတစ်စီးအနီးမှာ တိုးကပ်လိုက်လေ၏။

စက်လှေရဲ့အမည်က စွန်ရဲတဲ့။

*

ဘတိုက်ပုံ စက်လှေပေါ်သို့ ရောက်သောအခါ ဦးစွာ တွေ့လိုက်ရသူကား မျက်နှာကြီးကြီး ခန့်ခန့်နှင့် ဗလကောင်းကောင်း၊ အသားမည်းမည်း လူတစ်ဦး။

မျက်နှာပေါ်မှာ ဓားခုတ်ရာ အမာရွတ်ကြီးနှင့်။

"ဆရာဂျမ်း... ခေါ်လာခဲ့ပါပြီခင်ဗျာ"

"အေး... ကောင်းတယ်၊ ထိုင်ပါ ဆရာကြီး"

"ကျုပ် ဘာကိစ္စကြောင့် ဒီကို ခေါ်လာတာလဲ မောင်ရင်တို့ရယ်"

"မကြောက်ပါနဲ့ ဆရာကြီး၊ လူနာတစ်ယောက်ကို ဆေးကုပေးစေချင်လို့ပါ"

"ဟူး... တော်ပါသေးရဲ့ ဘုရား... ဘုရား"

ဘတိုက်ပုံ ခုမှ ရင်ထဲက အပူလုံးကြီး ကျသွားခဲ့ရသည်။

"လူနာက ဟိုဘက်ကအခန်းထဲမှာပါ၊ အစာမစားဘူး၊ စကားလည်း မပြောဘူး၊ ဆရာကြီး သူ့ကို ရောဂါပျောက်အောင် ကုပေးစေချင်တယ်။ သူ့ရောဂါပျောက်ရင် ဆရာကြီးခြေကြွခ လိုသလောက် တောင်းပါ"

"လူနာက မိန်းမလား၊ ယောကျ်ားလား"

"မိန်းမလူနာပါ"

"လိုက်ပြပါ"

ဒီနောက် လူတို့အခန်းတစ်ခုရှေ့သို့ ရောက်လာခဲ့ကြသည်။ ခေါင်းဆောင်ဟု ထင်ရသူ မျက်နှာစားခုတ်ရာနှင့် လူကြီးက အခန်းတံခါးသော့ကို ဖွင့်လိုက်သည်။ အထဲမှာ မှောင်နေ၏။ ဒီနောက် စက်လှေအခန်းတံခါးကို ဖွင့်လိုက်မှ ဖျာပေါ်မှာ လဲနေသည့် လူမမာကို မြင်လိုက်ရသည်။

မိန်းကလေးတစ်ဦး။ အသက် ၂၀ နီးပါးခန့် ရှိမည်။ အသားဖြူ၏။ ကိုယ်လုံးရော မျက်နှာပါ အလှရိပ်လွှမ်းမိုးနေ၏။ ချောသမှ အတော့်ကို ချောမောလှပသည့် မိန်းကလေး ဖြစ်သည်။ ဆံပင်ကလည်း ရှည်လျားနက်မှောင်ပြီး တစ်ထွေးကြီး ကျပုံနေ၏။

"သူပဲ ဆရာကြီး"

ဘတိုက်ပုံက မိန်းမောနေသည့် မိန်းကလေးရဲ့ လက်ကောက်ဝတ်ကို သွေးစမ်းကြည့်သည်။ သွေးခုန်နှုန်း လေးနေ၏။ မျက်လုံးကို လှန်ကြည့်သည်။ မျက်လုံးဖျော့၍ အားနည်းနေ၏။

ကိုယ်သားကိုယ်ရေကား ငွေ့ငွေ့လေး နွေး၏။ မျက်လုံးဖွင့်ကြည့်၏။

"သူဘာဖြစ်နေတာလဲ ဆရာကြီး"

"အားနည်းပြီး ထိတ်လန့်နေတယ်"

"ပျောက်အောင် ကုပေးနိုင်မလား"

"ရအောင်ကုပ့ါမယ်၊ ကြိုးစားပ့ါမယ်"

"ကုဗျာ... သိပ်အရေးကြီးတယ်။ သူသေလို့ မဖြစ်ဘူး"

"ဒီမိန်းကလေးက မောင်ရင်နဲ့ ဘာတော်ပါသလဲ"

"လိုအပ်လို့ မေးနေတာလား ဆရာကြီး"

"လိုအပ်လို့ပါ ခင်ဗျာ"

"ကျွန်တော်နဲ့ လက်ထပ်တော့မယ် ဇနီးလောင်းပဲ"

"အိုး… အိုး… မဟုတ်ဘူး၊ မဟုတ်ဘူး၊ ရှင်… ရှင်… လူ… လူယုတ်မာ၊ လူယုတ်မာ"

"သမီး စိတ်မလှုပ်ရှားပါနဲ့၊ မူးပြီး သေလိမ့်မယ်"

"သေချင်သေပစေ၊ တောက်"

"ဟား… ဟား… ဟား ဆရာကြီး ကုဗျာ"

"မောင်ရင် အပြင်ခဏထွက်ပေးပါ"

"ဘာဆိုင်လို့လဲဗျာ၊ ကိုယ့်ဇနီးလောင်းအနီးမှာ ကိုယ်နေမှာပေါ့ဗျ"

"ကျုပ် ရောဂါရဲ့အကြောင်းကို သေချာဂဃနဏ လေ့လာမေးမြန်းရမှာမို့ပါ။ ခဏလေး အပြင်ကို ထွက်ပေးပါ"

"ဒီမှာ ဆရာကြီး"

"ပြောပါ"

"ခင်ဗျား ကလိမ်ကကျစ်တော့ မလုပ်နဲ့နော်"

"ဘာလို့ လုပ်ရမှာလဲ မောင်ရင်"

"လုပ်ရင် ဒီမှာ တွေ့လား"

"ဘုရား… ဘုရား"

လူကြမ်းကြီးက ခါးကြားမှ ခြောက်လုံးပြူးသေနတ်ကို လှစ်ခနဲ

ထုတ်လိုက်ပြီး ဘတိုက်ပုံရဲ့ နားထင်ကိုတွေ့၍ မောင်းတင်လိုက်၏။ လည်ဆံမွေးနှင့်အတူ ကြက်သီးများ ဖြန်းခနဲ ထသွားခဲ့ရသည်။

ဒီနောက် တံခါးကိုပိတ်၍ အပြင်မှ သော့ခတ်ပြီး စောင့်နေလိုက်ကြ၏။ သူတို့မရှိမှ…

“သမီး လုံမလေး၊ လုံမလေး”

“ရှင်”

“သမီးနာမည် ဘယ်လိုခေါ်လဲကွယ့်”

“ခင်အေးချိုလို့… ခေါ်… ခေါ် အင့်… ဟီး”

“သမီး ဘယ်ရွာကလဲ”

“သုံးပန်လှရွာကပါ အဘရယ်”

“အဖေ အမေနာမည်ကကော သမီး”

“ဦးချိန်ရိုးနဲ့ ဒေါ်အေးပို”

“ဒီလူတွေက သမီးနဲ့ ဘယ်လိုတော်စပ်လဲ”

“သူတို့က သမီးကို…”

“ဩော်.. ဒီလိုကိုး၊ ရှူး… ရှူး မပြောနဲ့တော့။ သမီး အားရှိအောင် ကြိုးစား၊ အဘပြောတာ သဘောပေါက်ရဲ့လား”

“ဟုတ်.. ဟုတ်ကဲ့ အဘ”

“ဒေါက်… ဒေါက်… ဒေါက်”

“ကြာလှချည်လား”

“ပြီးပါပြီခင်ဗျာ၊ ဝင်ခဲ့ပါ ဝင်ခဲ့ပါ”

တံခါးဖွင့်သံကြားရပြီး လူကြမ်းကြီးဝင်လာ၍ သူတို့နှစ်ဦးကို အကဲခတ်နေ၏။

"ဘယ်လိုလဲ ဆရာကြီး"

"ကျုပ် အခုပဲ ဆေးတိုက်ပဲ့ါမယ်"

"ဆေးတိုက်ပြီးရင် ယတြာလုပ်ရမယ်"

"ဘာယတြာလဲ"

"ဗေဒင်ကိန်းခန်းအရ သေကိန်းမှာ သက်ရောက်နေတယ်"

"ဗျာ..."

"အဲဒီ ကိန်းက လွတ်မြောက်အောင် ယတြာလုပ်ပေးရမယ်၊ ဘုရားရှေ့မှာ အုန်းဆွမ်းကပ်လှူပြီး သရဏဂုံ (၃၀) ရွတ်ပေးရမယ်"

"ဆရာကြီး ဗေဒင်နက္ခတ်ကော ရတာ ပဲလား"

"အသင့်အတင့် ရပါတယ်ခင်ဗျ"

"သူပြီးရင် ကျုပ်ရဲ့ဇာတာကို စစ်ပေးစမ်းပါဗျာ"ဧ

"ရပါတယ် ခင်ဗျာ"

ဒီနောက် ခင်အေးချိုဆိုသူ လူမမာကို အားဆေး (သွေးဆေး) တိုက်ကျွေး၏။ ရှူဆေးပေး၏။ ရင်လူးဆေးပေး၏။ ခဏနေတော့ မိန်းကလေးထ၍ ထိုင်၏။ အစာတောင်း၏။

"ဆန်ပြုတ်ရမလားကွယ့်"

"မရဘူးခင်ဗျာ"

"ဒါဆို ပြုတ်ခိုင်းလိုက်ပါ၊ ဆန်ပြုတ်နဲ့ နှလုံးအားဆေး ကျုပ်

တိုက်ရမယ်”

“ချစ်မြိုင်”

“ဗျာ... ဆရာဂျမ်း”

“ဆန်ပြုတ်သွားပြုတ်ချည်”

“ဟုတ်ကဲ့ ဆရာဂျမ်း”

“ဆရာကြီး... လာဗျာ”

ဘဂျမ်းဆိုသူ ခေါင်းဆောင်ကား လူမမာထထိုင်ပြီး အစာတောင်း၍ အလွန်ဂမ်းမြောက်ဂမ်းသာ ဖြစ်နေ၏။

“ဆရာဂျမ်း”

“ဘာတုန်း... ဆရာကြီး”

“ဒီမိန်းကလေးကို အခန်းပိတ် သော့ခတ်မထားပါနဲ့၊ လွတ်လွတ်လပ်လပ် အပြင်မှာ လမ်းလျှောက်ပါစေ”

“မဖြစ်ဘူး၊ ဒါ... ဒါ လုံးဂ မဖြစ်ဘူးဗျ”

“ဘာဖြစ်လို့...”

“သူ.. သူ ထွက်ပြေး အဲ.. အဲ လုံးဂမဖြစ်ဘူးဗျာ”

“ကျုပ်က ဆေးဆရာပါ၊ သူ့ကို ဒီစက်လှေပေါ်မှာ လွတ်လွတ်လပ်လပ် ထားပေးပါ။ ဒါမှ လေကောင်းလေသန့်ရပြီး စိတ်ကြည်လင်လို့ ရောဂါသက်သာပျောက်ကင်းလိမ့်မယ်။ ရောဂါပျောက်ပြီး အသက်ရှည်ကျန်းမာမှ မောင်ရင် သူ့ကို သားမယားအဖြစ် လက်ထပ်ပေါင်းသင်း ဆက်ဆံလို့ရပြီး နှစ်ဦးနှစ်ဖက် စိတ်ရောကိုယ်ပါ ချမ်းသာလိမ့်မယ်”

“ဟူး... ဖြစ်ပ့ါမလား”

"မောင်ရင်တို့ ဘာလဲ ကျုပ်မသိဘူး၊ မိန်းကလေးတစ်ယောက်ကို လက်ပစ်ကူးထွက်ပြေးလို့ မရတဲ့ ပင်လယ်ပြင် စက်လှေပေါ်မှာ ယောကျ်ားကြီးတွေ လုံလုံခြုံခြုံ မစောင့်ရှောက်နိုင်ရင် မောင်ရင်တို့ ညံ့လို့ပဲ"

"ထားပါ ဆရာကြီးရာ၊ ကျုပ်တို့ အဆင်ပြေအောင် လုပ်ပေးပါ့မယ်၊ ဒါနဲ့ ဆရာကြီးက ဗေဒင်နက္ခတ်ကော ကျွမ်းကျင်သလား"

"တိုင်းရင်းဆေးဆရာဆိုတာ မဟာဘုတ် ဓာတ်ကြီးလေးပါးကို နားလည်ရတယ်၊ ရာသီနဲ့နက္ခတ်ကို နားလည်ရတယ်၊ အချို့ကို ဆေးဝါး၊ အချို့ကို ရာသီဓာတ်ဆာ၊ အချို့ကို ယတြာ (စိတ်ကုနည်း) နဲ့ ကုပေးရတယ်။ ယုံကြည်သက်ဝင်မှုရယ်၊ ဆေးအစွမ်းရယ်၊ အချိန်ကာလရယ် ကိုက်ညီ၊ ဟန်ချက်ညီရင် ပယောဂအဆိုး အမျိုးမျိုးက အနည်းနဲ့အများ လွတ်မြောက်ချမ်းသာတာပဲ"

ငှက်ကြီးတောင် ဘဂျမ်းသည် ဆေးဆရာဆိုသူ ဘတိုက်ပုံကို အကဲခတ်နေ၏ ။

"ဒါဆို ကျုပ်ရဲ့ဇာတာကို ဆန်းစစ်ပေးပါ"

"ဘာဖြစ်နေလို့လဲ"

"ကျုပ် ကောင်းကောင်း အိပ်မပျော်ဘူး၊ အိပ်မက်ဆိုးတွေ မကြာခဏ မက်နေတယ်"

"ကိုင်း.. ဒါဆိုကြည့်သေးတာပေါ့"

သူတို့ စက်လှေကြမ်းခင်းမှာ အတူထိုင်လိုက်ကြသည်။ ဘဂျမ်းရဲ့ တပည့်နှစ်ဦးကလည်း စောင့်ကြည့်နေကြ၏ ။

"ချစ်မြိုင်"

"ဗျာ... ဆရာဂျမ်း"

“ကောင်မလေးကို ဆန်ပြုတ်တိုက်ပြီးရင် စက်လှေပေါ်မှာ လမ်းလျှောက်ခွင့် ပေးလိုက်။ လုံခြုံရေးတော့ဂရုစိုက်။ တစ်ခုခု ဖြစ်ခဲ့ရင် မင်းတို့ ဟိုင့်ကြိုးတောင်ဓားကို ကြည့်ထား”

“ဟုတ်ကဲ့ပါ ဆရာဂျမ်း”

*

“မောင်ရင့်အမည် ဘယ်လိုခေါ်သလဲ”

“ဘဂျမ်းပါ”

“ကြာသပတေးသား ဟုတ်ရဲ့လား”

“ဟုတ်တယ်”

“အသက်ကကော”

“...... နှစ်ပါ”

ဒီမှာ ဘတိုက်ပုံက စက်လှေဘုရားခန်း ပုံတော်ရှိရာသို့ အာရုံပြု၍ တွက်ချက်လိုက်သည်။

“မောင်ရင် တနင်္ဂနွေဂြိုဟ်စားပြီး ဗုဒ္ဓဟူးသက်ရောက် ဖြစ်နေတယ်”

“အဲဒါ ဘာဖြစ်သလဲ”

“အဲဒီအချိန်က အညံ့ဆုံးနှစ်ပဲ။ အခု မောင်ရင့်အသက် (....) နှစ်နော်”

“ဟုတ်တယ်”

“၅၃ နှစ်အဝင်ကတည်းက ဘုမ္မိကျနေတာ၊ အဲဒါ ၅၈ နှစ်ကျမှ ဘုမ္မိက

ထွက်မယ် လွတ်မယ်”

“ဘုမ္မိကျရင် ဘာဖြစ်မှာမို့လဲဗျ”

“ဘုမ္မိဆိုတာ မကောင်းသောအရပ်၊ အညစ်အကြေး၊ သချႋုင်း အဲဒီ လို အဓိပ္ပါယ်ရတယ်။ အဲဒီ လို ဘုမ္မိမှာကျရင် ဉာတိဗျသနာ - ဆွေမျိုး ပျက်စီးတတ်တယ်၊ ဘောဂဗျသနာ - စည်းစိမ်ဥစ္စာ ပျက်စီးတတ်တယ်၊ ရောဂဗျသနာ - အနာရောဂါ ဖိစီးနှိပ်စက်လို့ အသက်ဆုံးရှုံး ရတတ်တယ်။ ဘုမ္မိက အဝင်ရှောအထွက်ပါ ခိုက်တတ်တယ်။ အဲဒီ အချိန်ရောက်နေရင် အသွားအလာ၊ အနေအထိုင် ဆင်ခြင်ပြီး ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်မှ အန္တရာယ်ဆိုးများက လွတ်မြောက်ရတတ်တယ်”

“အခု ကျုပ် ဘာဖြစ်မှာလဲ”

“လက်ဝါးဖြန့် ညာလက်ဝါး”

ဘတိုက်ပုံက ဘဂျမ်းရဲ့ညာလက်ဝါးကို သေသေချာချာ ကြည့်လိုက်၏။

“အင်း… အသက်လမ်းကြောင်းပေါ်မှာ အမည်းစက် ခံနေတယ်”

“အဲဒီ တော့…”

“အန္တရာယ်ဆိုး၊ အသက်ဘေးဆိုးနဲ့ ကြုံကိုကြုံရမယ်”

“ဟုတ်ပ့ါမလား”

“မောင်ရင် အခုရောက်နေတဲ့ကာလမှာ ကြုံနေတာ၊ မယုံရင် ကျုပ်ကို ပြန်မလွှတ်နဲ့၊ ဒီစက်လှေပေါ်မှာ ကျုပ်စောင့်နေပေးမယ်၊ မဟုတ်ဘူးဆိုရင် ကျုပ်လျှာကို မောင်ရင်ရဲ့ ဓားရှည်နဲ့ ဖြတ်လိုက်ပါ”

“ဟူး… ဒါဆို အဲဒီ ဖြစ်ရပ်ဆိုးက လွတ်မြောက်အောင် ဆရာကြီး ဘယ်လိုကူညီ ဆောင်ရွက်ပေးနိုင်မလဲ”

"ဟောဟို ဘုရားပုံတော်ရှေ့မှာ သက်သတ်လွတ်ဆွမ်း သုံးရက်ကပ်လှူပြီး ရတနာသုံးပါးကို တစ်နာရီ အာရုံပြုပူဇော်ပါ။ အရှေ့မြောက်အရပ်မှာ မြေအိုးနဲ့ ပိန်းမဟော်ပင်၊ ဒါမှမဟုတ် ဖားဂမုန်းစိုက်ပါ။ ကျုပ်ကိုယ်တိုင် စီစဉ်ပေးပါ့မယ်၊ ဘုရားရှင်ကို ရေသန့် (သို့) သန့်ရှင်းသော သောက်တော်ရေကို လှူရမယ်၊ သုံးရက်စေ့ရင် မောင်အပါအဝင် အဖွဲ့သားအားလုံး ကျုပ်စီရင်ထားတဲ့ အန္တရာယ်ကင်းရေကို ချိုးပြီး ရေမန်းသောက်ရမယ်၊ အဲဒီလိုလုပ်လိုက်ရင်..."

"အန္တရာယ်ကင်းမှာလား"

"စောင့်ကြည့်ပါ၊ ကျုပ် မပြောနိုင်သေးပါဘူး"

သို့နှင့် လူကောင်ကြီးသလောက် ဆိုးသွမ်းရက်စက် ကြမ်းကြုတ်လှသော ငှက်ကြီးတောင် ဘဂျမ်းသည် သူ့မှာ အန္တရာယ်ဆိုးများ ကျရောက်တော့မည်ကို သိရသောအခါ တုန်လှုပ်သွားလေ၏ ။

သို့နှင့် ဖားဂမုန်းပင်ကို ရအောင်ရှာပြီး စက်လှေဦးတည်ထားရာ အရပ်၏ အရှေ့မြောက်ထောင့်မှာ မြေအိုးနှင့် စိုက်တင်ထားလိုက်၏ ။

ဘတိုက်ပုံကြီးကိုယ်တိုင် သက်သတ်လွတ်ဟင်းများကို စီရင်စီမံ၍ စက်လှေဘုရားပုံတော် ရှေ့မှာ သူ့ကိုယ်စားပြု၍ သူ့အား ဘုရား၊ တရား၊ သံဃာကို အာရုံပြုစေ၏ ။

သောက်စားမူးယစ် ရမ်းကာနေသော ငှက်ကြီးတောင် ဘဂျမ်းသည် စိတ်ကို အောင့်အည်း၍ လုပ်နေ၏ ။

အရက်သောက်ချိန် ရောက်သောအခါ သွေးများ ကြွလာပြီး အရက်ပုလင်းကို မကြာခဏ ထုတ်ကြည့်၏ ။

ဘတိုက်ပုံက အရက်သောက်လျှင် စည်းပေါက်၍ ပျက်စီးလိမ့်မည်ဟု

ပြောသောကြောင့် တံတွေးကို အာသာပြေ မျိုချနေရ၏။

ခင်အေးချိုလေးလည်း ဆေးဝါး၏ အရှိန်ကြောင့် ကျန်းမာစပြုလာပြီး ဘတိုက်ပုံအား ဝိုင်းဝန်းကူညီ၏။

ငှက်ကြီးတောင်ဘဂျမ်း အပါအဝင် စက်လှေပေါ်ရှိ လူဆိုးသုံးဦးတို့ ပြုံးပြုံးရွှင်ရွှင် လိုက်လျောညီထွေ ဆက်ဆံခဲ့သဖြင့် ဘဂျမ်းလည်း ဗေဒင်ယတြာအစွမ်းပြပြီဟု ယုံကြည်ပြီး ဘတိုက်ပုံကို ကျေးဇူးများ တင်နေ၏။

ခင်အေးချိုကိုလည်း "ညီမလေး၊ ညီမလေး" နှင့် ပြောဆို၍ ဘာစားချင်လဲဟု မကြာခဏ မေးမြန်းသဘောကောင်းနေလေ၏။

တစ်နေ့သောအခါ သူတို့စက်လှေအနီးသို့ လှေတစ်စီး ဆိုက်ကပ်လေ၏။ လှေပေါ်မှာ လူတစ်ဦးကို မျက်နှာအဝတ် အုပ်ထား၏။

"ဘယ်သူလဲဟေ့ အောင်မောင်း"

"အကြွေးပေးမယ့်လူ ရောက်လာပါပြီ ဆရာဂျမ်း"

"အေး... အေး၊ အိုကေ ခဏလေး"

ဒီနောက် ဘတိုက်ပုံနှင့် ခင်အေးချိုတို့ကို စက်လှေအောက်ထပ် အခန်းတစ်ခုမှာ "ခဏလေးပါ" ဟု ပြောပြီး ထည့်သွင်း၍ သော့ခတ်ထားလေ၏။

သို့နှင့် သူတို့စက်လှေအပေါ်မှာ ဘာတွေလုပ်ကိုင်နေကြသည်ကို သူတို့နှစ်ဦး ဘာမျှမသိရ။

သို့သော် ဘတိုက်ပုံက မိန်းမချောလေး ခင်အေးချိုနှင့် နှစ်ဦးတည်းအတူ မျက်နှာချင်းဆိုင် တွေ့ရ၍ လွန်စွာ ဝမ်းမြောက်လေ၏။

ဒီနောက် ကြောက်လန့်စိုးရိမ်နေသည့် ခင်အေးချိုရဲ့ နားသို့ကပ်၍ တစ်စုံတစ်ရာကို ခပ်တိုးတိုး ပြောလိုက်သောအခါ ခင်အေးချိုလေးသည် ဝမ်းသာလွန်း၍ မျက်ရည်များ စီးကျပြီး ဘတိုက်ပုံရဲ့လက်ကို အားကိုးကြီးစွာ

ဆုပ်ကိုင်၍ ထားလေ၏။ ပြီးနောက် ခင်အေးချိုရဲ့ လက်ထဲသို့ လွန်စွာ သေးငယ်သော အထုပ်သေးသေးလေး တစ်ခုကို ပေးအပ်၍ လုံလုံခြုံခြုံ ဂုက်ထားဟု ပြောလိုက်လေသည်။

မိနစ် (၂၀) ခန့် ကြာသောအခါကျမှ အခန်းတံခါးကို လာဖွင့်ပေး၍ သူတို့နှစ်ဦး အပြင်သို့ ထွက်လိုက်ကြသည်။

ဝန်းကျင်ကို အကဲခတ်လိုက်တော့ စောစောက မျက်နှာကို အဝတ်စည်းလာသည့်လူရော လှေသမားပါ မရှိတော့။ ကမ်းစပ်ရှိရာသို့ လှမ်းကြည့်လိုက်သောအခါ လှေလှော်သွားနေသည့် လူနှစ်ဦးကို ခပ်ဝါးဝါး မြင်လိုက်ရသည်။

*

နှစ်ရက်၊ သုံးရက်အတွင်း သူတို့အားလုံး ဆရာအရင်းတပည့်နှင့် မိသားစုလို ဖြစ်လာခဲ့ကြ၏။ ရယ်ရယ်မောမော ပြောဆိုလာခဲ့ကြသည်။

ခင်အေးချိုကလည်း နေ့စဉ် ကိုချစ်မြိုင်တို့ ဝယ်လာပေးသည့် သက်သတ်လွတ် ဟင်းလျာများကို အရသာရှိအောင် ချက်ပြုတ်၍ ငှက်ကြီးတောင်ဘဂျမ်းရဲ့ ယတြာအတွက်ရော အများစားဖို့ပါ ချက်ပြုတ်ကျွေးမွေးရကား…

“ညီမလေး… မင်း ဒီမှာ အမြဲတမ်းနေနိုင်ရင် ကောင်းမှာပဲကွယ့်”

ဘဂျမ်းက ရေနွေးကြမ်းသောက်ရင်း စကားဆို၏။ ခင်အေးချိုက ရှက်၍ ခေါင်းငုံ့နေ၏။

“နေနိုင်ရင်လည်း နေလိုက်ပေါ့ သမီးရယ်”

“အို… အဘကလည်း”

“အဟဲဟဲ.. ဟဲဟဲ”

ဘတိုက်ပုံကလည်း ဘဂျမ်းဘက်မှ ဝင်၍ ပြောပေးလိုက်၏။ အားလုံးက သဘောကျပြီး ရယ်လိုက်ကြသည်။

“ချက်တဲ့ပြုတ်တဲ့လက်ရာက မိုက်တယ်ကွာ”

“လူကကော ဆရာဂျမ်းရဲ့”

“ချောမှချော၊ လှမှလှဗျာ”

“ဟား… ဟား… ဟား ငါတို့ဆရာကတော့ ခင်အေးချိုရေ ညည်းကို စွဲနေပြီဟေ့၊ ငါတို့ဆရာ လူပျိုကြီးကိုလည်း ငဲ့ညှာသနားပါ နှမလေးရာ ဟား… ဟား… ဟား”

ခင်အေးချိုသည်ကား လူကြမ်းယောက်ျားကြီးများအကြား ရယ်၍ ခေါင်းငုံ့နေလိုက်၏။ အဘကလည်း ရယ်၏။ အားလုံးရဲ့ ရယ်သံများကား ပင်လယ်ပြင် စက်လှေပေါ်မှာ လှိုင်နေ၏။

ဒီလိုနှင့် ငှက်ကြီးတောင် ဘဂျမ်းအတွက် သုံးရက်မြောက် ဂြိုဟ်ပြေနံ့ပြေ အန္တရာယ်ကင်းယတြာ ရက်စေ့သွား၏။

ရက်စေ့သည်နှင့် ငှက်ကြီးတောင်ဘဂျမ်းနှင့် အဖွဲ့ဝင်သုံးဦးတို့သည် အရက်ပုလင်းကို ဖွင့်လေ၏။ သူတို့ ဝယ်လာသည့် ငါးကြော်များနှင့် မြည်းကြလေ၏ ။

ထိုနေ့ညနေက စက်လှေပေါ်မှာ သူတို့လေးဦးရဲ့ မူးယစ်သောက်စား အော်ဟစ်က,ခုန်သံများက ဆူညံနေကြ၏။

“အစ်ကိုကြီး ဘဂျမ်း”

"အလို... ညီမလေးပါလား၊ ပြော... ဘာကိတ်"

"ထမင်းဟင်း အသင့်ပြင်ပြီးပါပြီရှင်"

"ဩော်... အေး အေး၊ ဒီနေ့ညနေတော့ စားဝင်အိပ်ပျော်ပဲဟေ့၊ ကိုင်း... တပည့်တို့၊ ဆရာ့ရဲ့ မင်္ဂလာဦးအကြိုညလို့ သဘောထားပြီး ဝါးကြစို့ရဲ့ဟဲ့။ အဟတ်... အဟတ်... ဟား... ဟား... ဟား..."

"ဝါး ဟား... ဟား... ဟား..."

"ဖြည်းဖြည်းနော် ဆရာဂျမ်း"

"သိတယ်ကွယ် မင်းတို့ကလည်း"

"ဟား... ဟား... ဟား... လန့်ပြေးသွားမှာ စိုးလို့ပါဗျာ၊ ဟား... ဟား... ဟား..."

သူတို့အားလုံးသည် ခင်အေးချိုရဲ့ မျက်နှာကို စိုက်ကြည့်ပြီး မကြားဝံ့မနာသာ စကားများကို ပြောကြရကား ခင်အေးချို ကြက်သီးများ ဖြန်းဖြန်း ထခဲ့ရလေ၏။

ထမင်းဝိုင်းသို့ ရောက်သောအခါ သူတို့ အရက်လေးတမြမြနှင့် အားရပါးရ စားကြ၏။ ချဉ်ရည်ဟင်းကို သောက်၏။ အသုပ်ကိုစား၏။ ဘတိုက်ပုံက ထမင်းဖြူကို ဆားဖြူး၍ စားနေလေ၏။ စားလို့သောက်လို့ ဝကြသောအခါ သူတို့ စက်လှေအိပ်ခန်းများသို့ တန်းဝင်ကြ၏။ ချစ်မြိုင်တစ်ဦးတည်း ခါးကြားမှာ သေနတ်ထိုးပြီး ထိုင်စောင့်ကြည့်နေ၏။

မကြာခင် အိပ်စင်များပေါ်မှ ဟောက်သံများ ကြားရ၏။

အစောင့်လုပ်သူ ချစ်မြိုင်လည်း တဝါးဝါးသမ်းရင်း မကြာခင်မှာပဲ လက်ရန်းနံဘေးမှာ ခွေ၍ အိပ်ပျော်သွားလေ၏။

ဒီမှာပဲ ခင်အေးချိုက ဘတိုက်ပုံအနီးသို့ ကပ်၍ တိုးတိုးပြောလိုက်၏။

ဘတိုက်ပုံသည် နေရာမှ ထလိုက်ပြီး အိပ်စင်ပေါ်မှာ ပိုးလို့ပက်လက်
အိပ်နေသူများကို အစောင့်ချစ်မြိုင်တို့အနီး ကပ်၍ စူးစမ်းကြည့်လိုက်၏ ။

*

ဘတိုက်ပုံက စက်လှေကို နှိုးလိုက်သည်။ စက်လှေသည် အော်မြည်သံတစ်ချက်ပေးပြီး ပင်လယ်ဂ မြစ်သုံးဆိုင်ရှိရာသို့ ဦးခေါင်းကို လှည့်လိုက်၏ ။ သူ စက်ကိုင်ဘီးကို ထိန်းရင်း စက်ရှိန်ကို မြှင့်လိုက်သည်။

စွန်ရဲအမည်ရှိ ဆေးနီသုတ်စက်လှေသည် ပင်လယ်ရေပြင်ကို ဦးချွန်နှင့်ခွဲကာ လူး၍ လိမ့်၍ မြစ်သုံးဆိုင်ကိုကျော်ပြီး သီလဝါခံတပ်ရှိရာသို့ မောင်းချလာလိုက်၏ ။

ဒီမှာ ကင်းလှည့်ရဲမော်တော်ကြီးနှင့် သူတို့ ခေါင်းချင်းဆိုင်ဆုံကြ၏ ။ မော်တော်ပေါ်မှ ကင်းအလံသည် လေနှင့် တဖျပ်ဖျပ် ခါနေ၏ ။

ဘတိုက်ပုံစက်လှေရဲ့ ဟွန်းကို သံရှည်ဆွဲ၍ နှိပ်လိုက်သည်နှင့် ရေကင်းလှည့် မော်တော်ပေါ်မှ ရဲသားများသည် လက်နက်များ အသင့်ပြင်ကာ စွန်ရဲစက်လှေအနီးသို့ ချဉ်းကပ်လာခဲ့ကြ၏ ။

ဘတိုက်ပုံက စက်လှေအရှိန်ကို လျှော့ချလိုက်၏ ။

ခင်အေးချို့က စတင်းဂန်းကို ချိန်ရပ်နေလိုက်၏ ။

“ဘာကိစ္စ ရှိလို့လဲ”

တစ်ပွင့်နှင့် ရဲအုပ်က အော်လံနှင့် မေးလိုက်၏ ။

“စက်လှေပေါ်မှာ အဖိုးတန်ရတနာတွေ ပါလာလို့ တက်ခဲ့ကြပါ”

"ဟေ..."

သို့နှင့် ရဲအုပ်နှင့် ရဲသားများ စက်ပေါ်သို့ ချဉ်းကပ်၍ တက်ခဲ့ပြီး သေနတ်များကို အသင့်ပြင်ကြ၏။ စတင်းဂန်းကိုင်ထားသည့် ချောမောလှပသော ခင်အေးချိုကို မြင်သောအခါ အားလုံး လက်နက်များဖြင့် ထိုးချိန်လိုက်ကြ၏။

ခင်အေးချို ဘာလုပ်ရမှန်း မသိ။

"သမီးခင်အေးချို လက်နက်ကို အပ်လိုက်"

အဘရဲ့စကား ဆုံးသည်နှင့် ခင်အေးချိုလက်ထဲက စတင်းဂန်းသေနတ်ကို ရဲအုပ်လက်သို့ ရိုရိုသေသေ အပ်လိုက်သည်။

"အဘ ဘယ်မှာလဲ အဖိုးတန်ရတနာဆိုတာ"

"ဟိုအခန်းထဲမှာ ရှိနေတယ်"

"ကြည့်ရအောင် ခင်ဗျာ။ မှောင်ခိုကျောက်တွေနေမှာပဲဗျ"

သို့နှင့် ဘတိုက်ပုံက အခန်းတံခါးသော့ကို ဖွင့်လိုက်ရာ ရဲအုပ်နှင့်အဖွဲ့က အထဲကို လက်နှိပ်မီးနှင့် ထိုး၍ ကြည့်လိုက်ကြ၏။

"ဟာ"

"ဟင်"

"အလို"

သူတို့မြင်လိုက်ရသည်ကား အဖိုးတန်ကျောက်စိမ်း၊ ပတ္တမြားမဟုတ်။ ပုံပျက်ပန်းပျက် လူလေးဦး။ လက်ရောခြေပါ ကြိုးနှင့်တုပ်၍ မေ့မြေနေသည့် မြင်ကွင်း။

"အဘ"

"ခင်ဗျာ"

"ဒါ... ဒါ ဘယ်သူတွေလဲခင်ဗျ"

"အဲဒါ မောင်ရင်တို့ရဲတပ်ဖွဲ့က အလိုရှိနေတဲ့ ဟံသာဝတီ အရှေ့ခြမ်းက နာမည်ကြီး လူဆိုးဓားပြ၊ မုဒိမ်းကောင်၊ လူသတ်သမား ငှက်ကြီးတောင်ဘဂျမ်းနဲ့ အဖွဲ့ဝင် ချစ်မြိုင်၊ အောင်မောင်း၊ ငှက်ကျားနဲ့ ဘတူ"

"ဗျာ... ဒါ ဒါ အဘကိုယ်တိုင် ဖမ်းလာတာ"

"ဟုတ်တယ်"

"ဒီမိန်းကလေးကကော"

"ဒီမိန်းကလေးနာမည်က ခင်အေးချို့တဲ့၊ သုံးပန်လှရွာက ဦးချိန်ရိုးရဲ့သမီးပဲ၊ အိမ်ကို ဓားပြတိုက်ပြီး လူကို ဓားစာခံငွေတောင်းခဲ့တာလေ"

"အခု အဘတို့ သူတို့ကို ဘယ်လိုဖမ်းခဲ့တာပါလိမ့်ခင်ဗျာ"

"အဘက နယ်လှည့်ဗိန္ဓောဆေးဆရာပါ၊ တစ်နေ့ ဒီကလေးမလေး မိဘအိမ် ရောက်ပြီး အကျိုးအကြောင်း သိရရော။ ကဲ... အကြောင်းသင့်ချင်တော့ ငှက်ကြီးတောင် ဘဂျမ်းရဲ့ ပင်လယ်ပြင်ပေါ်က လှေပေါ်ကို ရောက်ခဲ့ရပြီး အဖမ်းခံထားရတဲ့ ဒီကလေးမလေးကို ဆေးကုရင်း ဓာတ်လမ်းစုံ သိရတာ နဲ့ ဗေဒင်ယတြာနဲ့ ယုံအောင်ဓာတ်သွင်းပြီး သူတို့စားမယ့် အစားအစာထဲ အပြင်းစားအိပ်ဆေး ခပ်ထည့်ထားလိုက်တာ။ ကိုင်း... သင်းတို့ကို နှိုးကြကွယ်၊ ပြီးရင် ငါ့သမီးကို စိတ်ပူနေတဲ့ သူ့မိဘများရှိရာကို အမြန်အပ်ပေးပါ"

ဒီမှာပဲ ရဲအုပ်နှင့် ရဲတပ်ဖွဲ့ဝင်များသည် သတိလစ်မေ့မြောနေကြသည့် ငှက်ကြီးတောင်ဘဂျမ်းနှင့် အဖွဲ့ဝင်များအား ကန်ကျောက်လှုပ်နှိုးကြပါသော်လည်း ကာလနဂါးများ အိပ်မောကျပြီး မနိုးနိုင်ကြ။

"ရေနဲ့လောင်းချကွာ"

ဒီမှာ ရဲကြပ်ကြီးက ရေပုံးနှင့် သူတို့မျက်နှာများပေါ်သို့

လောင်းချလိုက်တော့မှ ငရဲသားငါးဦး အီးအဲနှင့် လူးလွန့်နိုးလာကြ၏ ။

"လူကြီးမင်းတို့ နိုးပြီလား ခင်ဗျာ"

"အင်း… ဟင်"

"ဟင်"

"ဟာ"

"အမယ်လေးဗျ"

ငှက်ကြီးတောင် ဘဂျမ်းနှင့်အဖွဲ့ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် မျက်လုံးများ ပြူးကျယ်ကုန်ကြ၏ ။

ကြည့်စမ်း….

သူတို့ရှေ့မှ ရဲယူနီဖောင်းဝတ်များ ခြောက်လုံးပြူး၊ စတင်းဂန်း၊ ရိုင်ဖယ်များနှင့် ချိန်လို့။

"ကျုပ်… ကျုပ်တို့ ဘယ်ရောက် ရောက်…"

"မင်းတို့ နရသိန်သွားမယ့် တံခါးဂကို ရောက်နေတာပါ ဘဂျမ်းရဲ့"

"ဘာ"

"ဒါ… ဒါ ဘယ်သူ့လက်ချက်လဲ"

"ဒီမှာ လူယုတ်မာဘဂျမ်း"

"ဟင်"

ခင်အေးချိုက ထဘီတိုတိုဝတ်ပြီး ငှက်ကြီးတောင် ဘဂျမ်းရဲ့ ရှေ့မှာ ခါးထောက်၍ ရဲပုံ့စွာ ရပ်လိုက်သည်။

"နင်တို့ကို ရဲလက်အပ်တာ ငါနဲ့ ဘတိုက်ပုံရဲ့ လက်ချက်ပဲ"

“ဟေ”

“ဟာ”

“ဒုက္ခပဲ”

“ဟား… ဟား… ဟား…”

ဘဂျမ်းသည် သူတို့ကိုကြည့်ပြီး အားရပါးရ ရယ်နေသည့် ဘတိုက်ပုံကို ကြည့်ပြီး လွန်စွာ အံ့သြနေသည်။

“ဘယ့်နှယ်လဲ ငှက်ကြီးတောင် ဘဂျမ်း။ ငါ့ရဲ့ ဗေဒင်ဟောချက်နဲ့ ယတြာ ကောင်းရဲ့လား၊ မှန်ရဲ့လားကွ ဟေ”

“တောက်… ခင်… ခင်ဗျား… ခင်ဗျား အကြံပက်စက်တဲ့ လူကြီး၊ လူလိမ်ကြီး”

“ဟား… ဟား… ဟား… ငါက အကြံမပက်စက်ပါဘူးကွာ၊ မင်းတို့က ရိုင်းစိုင်းယုတ်မာ သစ္စာမဲ့လို့ပါ။ ငွေနဲ့လာရွေးတော့ ငွေကိုယူပြီး လူကို ပြန်မလွှတ်ဘူး၊ ညတွင်းချင်း ခြေတော်တင်ဖို့ ကြံစည်တယ်။ မင်းတို့ တွေ့ရတော်ကောက်၊ လူယုတ်မာ၊ သူခိုး၊ ဓားပြမျိုးဟာ အေးချမ်းသာယာတဲ့ လူ့လောကဝန်းကျင်နဲ့ မထိုက်တန်ဘူး ဘဂျမ်း၊ ဒါကြောင့် ငါတတ်တဲ့ ဆေးပညာ၊ ဗေဒင်ပညာကို တစ်မျိုးတစ်ဖုံ အသုံးချပြီး လူ့လောကကောင်းကျိုးအတွက် တာဝန်သိလူတစ်ဦး အနေနဲ့ ဝင်ရောက်ဖြေရှင်းပေးရတာ ပဲ။ ငါတို့က ခမ္မပဲ ကြိုက်တယ်၊ မင်းတို့နဲ့ငါတို့က ပြဒါးတစ်လမ်း သံတစ်လမ်းပဲ။ ကိုင်း… ငှက်ကြီးတောင်ဘဂျမ်း၊ မင်းက လူအတော်များများကို ငှက်ကြီးတောင်ဓားနဲ့ ခေါင်းဖြတ်သတ်ခဲ့တယ်။ အေး… မင်းလည်ပင်ပေါ် ကြိုးကွင်း ရောက်တဲ့အချိန်မှာ မင်း သံဝေဂရပြီး ဘဝကူးကောင်းပါစေကွာ၊ ဒါမှမဟုတ်ရင်လည်း ဓားနဲ့ ကြိုးနဲ့ လဲပြီး သေခြင်းရဲ့အရသာကို ကိုယ်ချင်းသာ စာကြည့်ပေရော့ ဘဂျမ်းရေ. ဟား… ဟား…”

**မောင်ညိုမှိုင်း (သန်လျင်)**

(မှတ်ချက် - ကျွန်တော်ဆိုသူ ဘချစ်ညိုနှင့် အမေ ဒေါ်ခင်အေးချိုတို့အား ကျေးဇူးတင်ပါသည် ခင်ဗျား)

*